# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 8, 2020 Volume 36, Number 6


**၈.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၀၀၀၀ |
| ဒေါ်လာဈေး | = ၁၃၁၃/- ကျပ် |
| CBM Rate | = ၁၂၈၂.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၀၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၄၄.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၆၁.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၉.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၈၈.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၅၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၀၈.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၁၇၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှဩဂုတ်အထိ မြန်မာနိုင်ငံ၌ Brand New ကားသစ် ၁၄၀၃၃ စီးရောင်းချနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ရောင်းအား ၁၁ ရာခိုင်နှုန်းကျော်မြင့်တက်



၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဩဂုတ်အထိ မြန်မာနိုင်ငံ၌ Brand New ကားသစ် ၁၄၀၃၃ စီးရောင်းချနိုင်ခဲ့ပြီး COVID-19 ကြောင့် ပြေနှင့်မေတွင် ရောင်းအားထိုးဆင်းခဲ့ကာ ယခင်နှစ်ကာလတူထက် ရောင်းအား ၁၂ ဒသမ ၅ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့ကြောင်း ASEAN Automotive Federation မှ ထုတ်ပြန်သော ဒေသတွင်း ကားသစ်ရောင်းချမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များအရသိရသည်။

အာဆီယံ ဈေးကွက်တစ်ခုလုံးအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ကားသစ်ရောင်းချမှုပမာဏ ၂၀၇၄၁၁ စီးရှိပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ကားသစ်ရောင်းချမှုပမာဏ ၂၆ ဒသမ ၇ ရာခိုင်နှုန်း ျဆင်းခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုနှုန်း ၂၀ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။

၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် Brand New ကားသစ်စီးရေ ၈၂၂၅ စီး ရောင်းချနိုင်ခဲ့ရာ ၂၀၁၆ ခုနှစ်ကထက် ၉၇ ရာခိုင်နှုန်းကျော် များပြားခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း ၂၀၁၇ ခုနှစ်ကာလတူထက် အစီးရေ ၉၂၉၉ စီး၊ ရာခိုင်နှုန်းအားဖြင့် ၁၁၃ ရာခိုင်နှုန်း ပိုမိုရောင်းချခဲ့ရပြီး ၂၀၁၈ ခုနှစ်အတွင်း ကားစီးရေ ၁၇၅၂၄ စီး ရောင်းချခဲ့ရသည်။ မြန်မာဈေးကွက်၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၇၄၀ စီး၊ ဖေဖော်ဝါရီတွင် ၁၃၉၆ စီး၊ မတ်တွင် ၁၄၈၃ စီး၊ ဧပြီတွင် ၉၅၅ စီး၊ မေတွင် ၁၆၀၇ စီး၊ ဇွန်တွင် ၁၆၇၈ စီး ၊ ဇူလိုင်တွင် ၁၇၂၄ စီး၊ ဩဂုတ်တွင် ၁၈၅၈ စီး၊ စက်တင်ဘာတွင် ၁၈၂၂ စီး၊ အောက်တိုဘာတွင် ၂၆၀၀ စီး၊ နိုဝင်ဘာတွင် ၂၄၁၁ စီး ၊ ဒီဇင်ဘာတွင် ၂၆၀၈ စီး ရောင်းချနိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် ၄၃၉၂ စီး ပိုမိုရောင်းနိုင်ခဲ့ကာ ၂၀၁၉ ခုနှစ်အတွင်း ကားသစ်စီးရေ ၂၁၉၁၆ စီး (တိုးတက်မှုနှုန်း ၂၅ ဒသမ ၁ ရာခိုင်နှုန်း) ရောင်းချနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကားသစ်စီးရေ ၂၀၃၄ စီး၊ ဖေဖော်ဝါရီလတွင် ၂၂၈၆ စီး၊ မတ်လတွင် ၁၉၇၉ စီးရောင်းချနိုင်ခဲ့ပြီး ဧပြီလတွင် COVID-19 ကြောင့် ကားအရောင်းပြခန်းများ ပိတ်ထားခဲ့ရကာ မေလတွင် ၁၂၅၃ စီး၊ ဇွန်လတွင် ၁၉၈၅ စီး၊ ဇူလိုင်လတွင် ၂၂၅၈ စီး၊ ဩဂုတ်လတွင် ၂၂၃၈ ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ကားသစ်စီးရေ ၄၁၆၈ စီးရောင်းချခဲ့ရပြီး မြန်မာအစိုးရ၏ ကားတင်သွင်းမှုဆိုင်ရာမူဝါဒ အပြောင်းအလဲကြောင့် ၂၀၁၇ ခုနှစ်အတွင်း ကားသစ်စီးရေ ၈၂၀၀ ကျော်အထိ၊ ၂၀၁၈ ခုနှစ်တွင် ကားသစ်စီးရေ ၁၇၀၀၀ ကျော် အထိ ရောင်းချခဲ့ရကာ ၂၀၁၉ ခုနှစ်အတွင်း ကားသစ်စီးရေ ၂၂၀၀၀ နီးပါးအထိ ရောင်းချခဲ့ရခြင်းဖြစ်သည်။ ကားသစ်များ ရောင်းချမှုနှင့် ထုတ်လုပ်မှုများအတွက် မြန်မာဈေးကွက်သည် ထွန်းသစ်စဈေးကွက်တစ်ခုဖြစ်လာပြီး နှစ်အလိုက်တိုးတက်မှုနှုန်း ဆက်လက်မြင့်မားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ကားသစ်ရောင်းချမှုပမာဏ တိုးတက်မှုနည်းတူ မြန်မာနိုင်ငံတွင် ကားသစ်ထုတ်လုပ်မှု ပမာဏတိုးတက်မှု ဆက်တိုက် ဖြစ်ပေါ်နေသော်လည်း COVID-19 ကာလတွင် ကားတပ်ဆင်ထုတ်လုပ်မှုများကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၁၄၅၉ စီး၊ ဖေဖော်ဝါရီလတွင် ၁၃၈၈ စီး၊ မတ်လတွင် ၁၂၁၄ စီး ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး ဧပြီလတွင် COVID-19 ကြောင့် ကားထုတ်လုပ်မှုစက်ရုံများ ပိတ်ထားခဲ့ရကာ မေလတွင် ၇၀၃ စီး၊ ဇွန်လတွင် ၁၃၁၃ စီး၊ ဇူလိုင်လတွင် ၁၄၃၈ စီး၊ ဩဂုတ်လတွင် ၁၅၅၈ စီးထုတ်လုပ်နိုင်ခဲ့ ခြင်းဖြစ်သည်။ အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံခြောက်နိုင်ငံတွင် ကားသစ်တပ်ဆင် ထုတ်လုပ်မှုများ ပြုလုပ်နေပြီး အာဆီယံဒေသတစ်ခုလုံးအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၀ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ရှစ်ရာခိုင်နှုန်း တိုးတက်မှုရှိသော်လည်း ၂၀၁၉ ခုနှစ်တွင် ၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ မြန်မာနိုင်ငံက ၂၀၁၇ ခုနှစ်တွင် ရာခိုင်နှုန်း ၃၂၀ ကျော်၊ ၂၀၁၈ ခုနှစ်တွင် ရာခိုင်နှုန်း ၁၅၀ နီးပါး၊ ၂၀၁၉ ခုနှစ်တွင် ၂၄ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်။ အာဆီယံ ဈေးကွက်တစ်ခုလုံးအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ကားသစ်တပ်ဆင်ထုတ်လုပ်မှု ပမာဏ ၂၂၃၆၆၄ စီးရှိပြီး ယခင်နှစ်ကာလတူထက် ၃၆ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း တပ်ဆင်ထုတ်လုပ်သည့် ကားသစ်စီးရေမှာ ၄၉၃၀ စီးဖြစ်ပြီး ၂၀၁၆ ခုနှစ်ကထက် ၃၇၇၈ စီးပိုမိုခဲ့ကာ တိုးတက်မှုပမာဏ ၃၂၈ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း ကားစီးရေ ၁၂၂၉၂ စီး တပ်ဆင် ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ်ထက် ၇၃၆၂ စီးပိုမိုခဲ့ကာ တိုးတက်မှုနှုန်း ၁၄၉ ရာခိုင်နှုန်းအထိရှိခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း လအလိုက် ထုတ်လုပ်ခဲ့သည့် ကားသစ်စီးရေပမာဏများမှာ ဇန်နဝါရီတွင် ၁၄၀၁ စီး၊ ဖေဖော်ဝါရီတွင် ၁၂၉၈ စီး၊ မတ်တွင် ၁၀၄၃ စီး၊ ဧပြီတွင် ၈၈၅ စီး၊ မေတွင် ၁၅၀၁ စီး၊ ဇွန်တွင် ၁၄၉၂ စီး၊ ဇူလိုင်တွင် ၁၁၃၅ စီး၊ ဩဂုတ်တွင် ၁၃၈၁ စီး၊ စက်တင်ဘာတွင် ၁၄၅၃ စီး၊ အောက်တိုဘာတွင် ၁၂၂၆ စီး၊ နိုဝင်ဘာတွင် ၁၂၂၇ စီး၊ ဒီဇင်ဘာတွင် ၁၄၀၄ စီးဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း စုစုပေါင်းကားစီးရေ ၁၅၄၉၆ စီးထုတ်လုပ်နိုင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဩဂုတ်အတွင်း ကားသစ်ထုတ်လုပ်မှု ၉၀၇၃ စီးရှိခဲ့ပြီး ယခင်နှစ် ကာလတူထက် ၁၀ ဒသမ ၅ ရာခိုင်နှုန်းလျော့ကျခဲ့သည်။

**Source:** https://news-eleven.com/article/194962

## ကမ္ဘာ့ကုန်သွယ်ရေး ၂၀၂၀ ပြည့်နှစ်အတွင်း ၉ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းမည်ဟုခန့်မှန်း

ကမ္ဘာ့ကုန်သွယ်ရေးသည် ၂၀၂၀ ပြည့်နှစ်အတွင်း ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဖြစ်ကြောင်းနှင့် ၂၀၂၁ ခုနှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းကျဆင်းမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အောက်တိုဘာ ၆ ရက်တွင် ထုတ်ပြန်သည့် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ကြိုတင်ခန့်မှန်းချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ရောဂါက ကမ္ဘာတစ်ဝန်းရှိ လူ့အသက်ပေါင်းများစွာနှင့် စီးပွားရေးလုပ်ငန်းများအပေါ် အနှောင့်အယှက်ဖြစ်စေခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးပမာဏ ကျဆင်းမှုသည် ၁၃ ရာခိုင်နှုန်းနှင့် ၃၂ ရာခိုင်နှုန်းအကြားရှိမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဧပြီလအတွင်းက ခန့်မှန်းထားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့ကုန်သွယ်ရေးကျဆင်းမှုကိုဖြစ်ပေါ်စေရာမှ ပြန်လည်ဦးမော့လာမည့် လက္ခဏာများ ပြသနေကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ စီးပွားရေးပညာရှင်များက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ရှင်းပြထားသည်။ သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ကမ္ဘာ့ကုန်သွယ်ရေးကျဆင်းမှုသည် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းနှင့် ပမာဏချင်းတူညီသော်လည်း စီးပွားရေးအခြေအနေတွင်မူ အလွန် ခြားနားနေကြောင်းလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ စီးပွားရေးပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

**Source: https://www.facebook.com/TheMirrorDaily/**

## စက်မှုကုန်ထုတ်လုပ်ငန်းရပ်ထားရ၍ မှာယူသူများမှ နိုင်ငံပြောင်းရွှေ့အပ်နှံမှုရှိလာဟုဆို



ရန်ကုန်တိုင်းဒေသကြီးအတွင်း Stay at Home ညွှန်ကြားချက်မှာ ရက်သတ္တ ၂ ပတ် ထပ်တိုးသဖြင့် လက်ခစားစနစ် (CMP)ဖြင့် လုပ်ကိုင်နေရသော မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ကုန်အမှာစာများအား တခြားနိုင်ငံသို့ ရွှေ့ပြောင်းသွားမှုများရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်သိန်းက "ပထမ ၂ ပတ်ပိတ်တုန်းကတော့ Buyer တွေက နားလည်ပေးတယ်။ ဒီအခြေအနေအရ သည်းခံပြီးစောင့်ပေးတယ်။ အခု နောက်၂ ပတ်တိုးလိုက်တဲ့အပေါ် သူတို့က ဘယ်လိုမှမဖြစ်နိုင်တော့တဲ့အတွက် သူတို့အပ်ထားတဲ့အလုပ်တွေက အော်ဒါရှိပြီးသားက ရာသီချိန်နဲ့ကိုက်ပြီးလုပ်ရတာကြောင့် အခြားနိုင်ငံတွေကို ရွှေ့သွားတာပေ့ါ။ ဒါက CMP ကဏ္ဍပါ" ဟု ရောဝတီသို့ပြောသည်။ ၎င်းက ဆက်လက်၍ "လက်ခံထားပြီးသား အမှာစာတွေတောင်မှ တချို့ Order Cancel ဖြစ်သွားတယ်။ အချိန်မီ ဆက်မထုတ်နိုင်တော့တဲ့အတွက် အပ်ထားတဲ့ Buyer တွေက တခြားဖွင့်တဲ့နိုင်ငံတွေကို အထူးသဖြင့် ဗီယမ်နမ်ဘက်ကို ပြောင်းပို့ခိုင်းတဲ့အတွက် အော်ဒါတွေဆုံးရှုံးတယ်" ဟု ရှင်းပြသည်။

စက်မှုကုန်ထုတ်လုပ်ငန်းများအနေဖြင့် လက်ရှိတွင်ရရှိပြီးသား ကုန်ကြမ်းများကို ဈေးကွက်ရွှေ့ပြောင်းမှုကြောင့် တခြားနိုင်ငံသို့ ကုန်ကြမ်းများပြန်လည်ရွှေ့ပြောင်းပေးရသည့်အတွက် ကုန်ကျစရိတ်များရှိပြီး သတ်မှတ်ချက်အတိုင်း မထုတ်လုပ်ပေးနိုင်သောကြောင့်လည်း စာချုပ်ပါစည်းကမ်းချက်အရ ပေးလျော်ရမည့်ကိစ္စရပ်များ၊ Buyer များ၏ယုံကြည်မှု ပျောက်ဆုံးသွားပြီး နောက်ပိုင်း အမှာစာများ ထပ်မရမည်ကို စိုးရိမ်ရသည့် အခြေအနေဖြစ်နေကြောင်း ဒေါက်တာအောင်သိန်းက ပြောသည်။

မြန်မာနိုင်ငံ၏ ကိုဗစ် ဒုတိယလှိုင်းတွင် ရောဂါကူးစက်မှု အရှိန်အဟုန်နှင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စက်တင်ဘာလ၂၀ ရက် ညတွင် ၁ ကြိမ်၊ အောက်တိုဘာလ ၅ ရက် ညတွင် တကြိမ် ရန်ကုန်တိုင်းဒေသကြီး တခုလုံး (ကိုကိုးကျွန်းမပါ)ကို Stay at Home အိမ်တွင်သာနေရန် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်အရ ခြွင်းချက်အနေဖြင့် ခွင့်ပြုထားသည့် ငွေကြေးဝန်ဆောင်မှု၊ အစားအသောက်၊ ပြည်သူ့ ဝန်ဆောင်မှုနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများမှအပ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများအားလုံး အောက်တိုဘာလ ၂၁ ရက်အထိ နေအိမ်မှသာ လုပ်ကိုင်ရမည် ဖြစ်သည်။ ထို့ပြင် CMP စက်ရုံများ အနေဖြင့်လည်း ယခု အောက်တိုဘာလ ၅ ရက် ထပ်မံထုတ်ပြန်ချက်အရ အောက်တိုဘာလ ၈ ရက်မှ ၂၁ ရက်အထိ၂ ပတ် ဆက်လက် ပိတ်ထားရမည်ဖြစ်ကြောင်း ကြေညာထားသည်။

CMP လုပ်ငန်းများ မဟုတ်သော အခြားသော ဖွင့်လှစ်ခွင့်မရှိသော အသေးစား၊ အလတ်စား စက်မှုကုန်ထုတ် ဝန်ဆောင်မှု လုပ်ငန်းများတွင်လည်း လုပ်ငန်းများလည်ပတ်မှု မရှိ၊ ဝင်ငွေမရှိ ရပ်တန့်ထားရသဖြင့် ဆက်လက် ရပ်တည်ရန် အကျပ်အတည်း အခက်အခဲများလည်း ရှိနေကြောင်းလည်း ဒေါက်တာအောင်သိန်းက သုံးသပ်ပြောဆိုသည်။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်းသည် အထည်ချုပ်လုပ်ငန်းမှအပ ကျန် CMP လုပ်ငန်းများ ဖြစ်သော မိုလ်ဘိုင်းဖုန်းအပိုပစ္စည်းလုပ်ငန်း၊ အိတ်ချုပ်လုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်လုပ်ငန်း၊ ဖိုက်ဘာ နှင့် အသက်ကယ် သင်္ဘောလုပ်ငန်း၊ မီးဖိုချောင်သုံး ကုန်ပစ္စည်းလုပ်ငန်း၊ ဆံပင်အတု လုပ်ငန်း၊ မှန်ဘီလူးနှင့် ကင်မရာလုပ်ငန်း၊ စက်မှုပစ္စည်းလုပ်ငန်း အစရှိသည်တို့ဖြင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်သည်။

ထိုအသင်းသည် စက်မှုလုပ်ငန်းသုံး ကုန်ကြမ်းများ တင်သွင်းခြင်း၊ ကုန်ချောများ တင်ပို့ခြင်း၊ တင်သွင်းလာသည့် ကုန်ကြမ်းများမှာ Order Cancel ဖြစ်သွားခြင်းကြောင့် ပြန်လည်တင်ပို့ခြင်း (Re- export) လုပ်ခွင့်၊ ခွင့်ပြု ထောက်ခံချက်များကို လုပ်ဆောင်ပေးရသည်။ လက်ရှိတွင် စက်မှုကုန်ထုတ်လုပ်ငန်းများနည်းတူ ပြည်တွင်းအထည်ချုပ် လုပ်ငန်းများမှာလည်း အခက်အခဲများ ကြုံနေရကြောင်းသိရသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်ဦးအောင်မျိုးဟိန်းက "စစခြင်းထဲက ကျနော်တို့ကို ၁ လလောက် ပိတ်မယ်လို့ ပြောထားရင် Buyer တွေနဲ့ တကြိမ်ပဲညှိရမယ်လေ။ အခုက ကြေညာချက်ကို တရက်နှစ်ရက် ကြိုတော့မှ လုပ်တယ် ဆိုတော့ Buyer ရဲ့ Customer တွေလည်း တော်တော်ဒုက္ခ ရောက်သွားတယ်။ ကျနော်တို့က Customer နဲ့ တိုက်ရိုက် ထိတွေ့တာမဟုတ်ဘူး။ တဆင့်ခံ အေးဂျင့်တွေကသွားတာ။ အဲဒီတော့ တော်တော်ပြောရခက်သွားတယ်" ဟု လုပ်ငန်း၏ အခြေအနေကို ဧရာဝတီသို့ပြောသည်။ တခြားနိုင်ငံရှိ စက်ရုံများကဖွင့်ပြီး မြန်မာနိုင်ငံရှိ စက်ရုံများဖွင့်လျှင် အထည်ချုပ် လုပ်ငန်းမှာ ရာသီအလိုက်ချုပ်ထည်များ ချုပ်လုပ်ရသည့်ဈေးကွက်ဖြစ်သောကြောင့် အချိန်မီမရလျှင် တခြားဈေးကွက်သို့ လုပ်ငန်းများ ရွှေ့သွားပြီး စက်ရုံများ ပိတ်သိမ်းသည်အထိ ရှိလာနိုင်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

လတ်တလော၂ ပတ် ထပ်တိုး ပိတ်လိုက်သောကြောင့် ရင်ဆိုင်နေရသည့် အခက်အခဲများ၊ ရေရှည်တွင် SME လုပ်ငန်းများ အပါအဝင် လုပ်ငန်းကြီး၊ ငယ်၊ အလတ်များ ရှင်သန်နိုင်မည့် အချက်များ စသည်တို့ကို စုစည်းပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ဦးဆောင်၍ တိုင်းအစိုးရထံသို့ အောက်တိုဘာလ ၆ ရက်တွင် တင်ပြထားကြောင်း UMFCCI အထွေထွေ အတွင်းရေးမှူးချုပ် ဦးအေးဝင်းကပြောသည်။ ထို့ပြင် အလုပ်သမားများအတွက် လုပ်ခလစာနှင့်ပတ်သက်၍ ဖွင့်လှစ်ခွင့်မပြုထားသောလုပ်ငန်းများမှ အလုပ်သမားများ၊ ဝန်ထမ်းများအနေဖြင့် စက်တင်ဘာ လုပ်ခလစာကို သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း အောက်တိုဘာ ၈ ရက်မှစ၍ သွားရောက်ထုတ်ယူရန် ခွင့်ပြုမည်ဖြစ်ကြောင်း UMFCCI က ယနေ့ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ် စက်ရုံပေါင်း ၆၀၆ ရုံ ရှိကာ အထည်ချုပ် လုပ်သား ၆ သိန်း နီးပါးပြီး ကျန် CMP လုပ်ငန်းပေါင်း ၂၀၀ ကျော်ရှိကာ လုပ်သားအင်အား အကြမ်းဖျင်း ၃ သိန်းနီးပါးရှိကြောင်းသိရသည်။ ကိုဗစ်ရောဂါသည် ရေရှည်စဉ်းစားရမည့် ကိစ္စရပ်ဖြစ်နေသောကြောင့် အားလုံးဝိုင်းဝန်းစဉ်းစား၍ ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ လည်ပတ်နိုင်ရန်လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ယခုလိုမျိုး ၂ ပတ်စီ ထပ်တိုးပိတ်နေခြင်းသည် အဖြေမဟုတ်ကြောင်း စီးပွားရေး လုပ်ငန်းရှင်များကပြောဆိုသည်။

**Source: https://burma.irrawaddy.com/news/2020/10/07/231213.html**

## ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သန်း ၁၂၀၀ နီးပါးတိုးတက်



ထိုင်း-မြန်မာ ၂ နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းများထဲမှ အဓိက ကုန်သွယ်ရေးစခန်းတခုဖြစ်သော မြဝတီမှတဆင့် နှစ်နိုင်ငံ ကုန်သွယ်ရေး သည် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၂၀၀ နီးပါးအထိ တိုးတက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှသိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ရက်နေ့ မှ ၂၀၂၀ စက်တင်ဘာလ ၂၅ ရက်နေ့အထိ မြဝတီနယ်စပ်ကုန် သွယ်ရေးစခန်းမှ ၂ နိုင်ငံ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာသန်း ၁၁၉၂ ကျော်အထိရှိပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် သန်း ၂၄၀ ကျော် ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံညှိနှိုင်းသဘောတူချက်အရ မြန်မာနိုင်ငံမှပြောင်းများကို ဖေဖော်ဝါရီလမှသြဂုတ်လကုန်အထိ ထိုင်းနိုင်ငံသို့ အခွန်သက်သာခွင့်ဖြင့် တင်ပို့ခွင့်ရရှိခြင်းအပါအဝင် ရေထွက်တင်ပို့မှုများသည်လည်း မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းက တင်ပို့ရာတွင် တိုးတက်မှုရှိလာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ၎င်းကဆက်လက်၍ " ပြောင်းဆိုရင် အရင်က တရုတ်ကိုပဲ ပုံမှန်တင်ပို့တာပေါ့ ဒါပေမယ့် ဒီဘဏ္ဍာနှစ်မှာက တရုတ် နိုင်ငံက ကန့်သတ်မှုတချို့ကြောင့် ထိုင်းနိုင်ငံဘက်ကို တန်ချိန် ၁သန်းကျော်လောက် တင်ပို့နိုင်ခဲ့တယ်။ တခြားဈေး ကွက် ရသလို ဖြစ်ခဲ့တယ် " ဟုဆိုသည်။ ပြီးခဲ့သည့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ သန်း ၉၆၀ ခန့်သာရှိပြီး ယခုဘဏ္ဍာနှစ်တွင် ယင်းပမာဏထက် သုံးပုံတပုံအထိ

တိုးတက်လာခဲ့ကြောင်း မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ဧရာဝတီသို့ပြောသည်။ ၎င်းက " ကိုဗစ်ကာလထဲမှာတောင် ကုန်သွယ်မှုကနည်းနည်းတက်ခဲ့တယ်။ ဒါကလည်း ကျနော်တို့နှစ်နိုင်ငံက အသွားအလာအကန့်အသတ်တွေ လုပ်ထားပေမယ့် ကုန်သွယ်မှုလုပ်ငန်းတွေ မရပ်တန့်သွားအောင် လုပ်ဆောင်နိုင်ခဲ့တာကြောင့်လည်းပါတယ်"ဟု ရှင်းပြသည်။

နှစ်နိုင်ငံကုန်သွယ်မှုက ပမာဏ တိုးတက်လာခဲ့သလို ယခင်နှစ်များက မြန်မာက ပို့ကုန်တင်ပို့မှုသည် ၅ ရာ ခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်သာရှိခဲ့ရာမှ ယခုနှစ်တွင် ပို့ကုန်တင်ပို့မှုသည် ၄၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။ ယခုဘဏ္ဍာနှစ်(၂၀၂၀ စက်တင်ဘာ ၂၅ရက်နေ့အထိ)တွင် မြန်မာနိုင်ငံဘက်မှ ပို့ကုန်တင်ပို့မှုသည် အမေရိကန် ဒေါ် လာ သန်း ၃၈၀ ကျော် အထိရှိခဲ့ပြီး ထိုင်း နိုင်ငံဘက်က သွင်းကုန်တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ သန်း ၈၁၀ ကျော်အထိ ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းများတွင်ဖော်ပြထားသည်။ ပြောင်းကုန်သည်တဦးဖြစ်သည့် ဒေါ်ဝေမျိုးထက်က " အခုနှစ်ပိုင်းမှာက ထိုင်းဘက်က ပြောင်းပို့တာက အခြေအနေနည်းနည်းကောင်းလာတော့ တချို့ ဆန်ကုန်သည်တွေတောင် ပြောင်းဘက်က ပြောင်းလုပ်လာကြတယ်။ ပြီးတော့ အခုက တရုတ်ဘက်မှာက အကန့်အသတ်တွေ ရှိလာတော့ ဒီဘက်ထိုင်းဘက် ကို ပိုတိုးလာကြတာလည်းပါတယ် " ဟုပြောသည်။ တရုတ်နိုင်ငံဘက်က ပြောင်းတင်ပို့မှုကို ကန့်သတ်လိုက်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် အခက်အခဲဖြစ်ပေါ်ခဲ့သဖြင့် ထိုင်းနိုင်ငံသို့ပြောင်းလဲတင်ပို့ခဲ့ရသည်။ သို့သော်လည်း တရုတ်ဈေးကွက်တွင် ပြောင်းလိုအပ်ချက်ရှိနေခြင်းကြောင့် တရုတ်ကုန်သည်များသည် မြန်မာ့ပြောင်းများကို ထိုင်းနိုင်ငံမှ ကုန်သည်များဆီမှ ပြန်လည်ဝယ်ယူပြီး လာအိုနိုင်ငံမှတဆင့် တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့လျက်ရှိကြောင်း ပြောင်းကုန်သည်များထံမှသိရသည်။

မြန်မာနိုင်ငံ၏ ပို့ကုန် ၇၀ ရာခိုင်နှုန်းခန့်သည် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိပြီး ထို ၂ နိုင်ငံစလုံးနှင့် နယ်စပ်ကုန်သွယ်ရေးစနစ် လက္ခဏာများသည် သိပ်ကွာခြားမှုမရှိသော်လည်း တရုတ်သို့တင်ပို့သော ပို့ကုန်များသည် တရုတ် ဈေးကွက်သို့သာ တိုက်ရိုက်ရောင်းချခြင်းဖြစ်ပြီး၊ ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့မှုတွင်မူ ထိုင်းဈေးကွက်နှင့် ထိုင်းမှတဆင့် တခြားနိုင်ငံဈေးကွက်များသို့ တင်ပို့သည့် အခြေအနေများရှိကြောင်း စီးပွားရေးသုတေသီ ဦးမင်းဇာနည်လင်းကပြောသည်။ ၎င်းက " ကိန်းဂဏန်းတွေ တက်လာတာတော့ကောင်းပါတယ်။ နယ်စပ်ကုန်သွယ်ရေးမှာက ဟိုဘက်ဒီဘက် တရားဝင်လို့ သတ်မှတ်ထားတဲ့ဂိတ်တွေရှိသလို တရားမဝင်လို့ သတ်မှတ်ထားတာတွေလည်းရှိတယ်။ ဒါအပြင် ဟိုဘက်က တရားဝင်လို့သတ်မှတ်ပြီး ဒီဘက်က တရားမဝင်လို့သတ်မှတ်တာတွေလည်းရှိနေတော့ ကိုဗစ်ဖြစ်တဲ့အချိန်မှာ ထိုင်းကတရားမဝင်ဂိတ် တော်တော်များ ပိတ်လိုက်တော့ အဲဒီကကုန်တွေ ဒီဘက်တရားဝင်ဂိတ်ကို တိုးလာတာလားပေါ့ ဒါလည်း ပြန်ဆန်းစစ်ဖို့လိုမယ်" ဟု မှတ်ချက်ပြုသည်။ ထိုင်း- မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ တရားမဝင်ကုန်သွယ်ရေးဂိတ်ပေါင်းများစွာရှိနေပြီး ယင်းဂိတ်များမှ ကုန်သွယ်မှုသည် တရားဝင်ဂိတ်များမှ ကုန်သွယ်မှု ပမာဏထက် ပိုမိုများပြားကြောင်း ဦးမင်းဇာနည်လင်းက ဆိုသည်။

မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံသို့ ဆန်ကွဲ၊ ပြောင်း၊ မြေပဲ၊ ကြက်သွန်အစရှိသော လယ်ယာထွက်ကုန်များအပါအဝင် ရေထွက်ကုန်များကို အဓိကတင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံမှ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ယန္တရားများ၊ မော်တော်ဆိုင်ကယ်များနှင့် ကုန်ပစ္စည်းမျိုးစုံကို ပြန်လည်တင်သွင်းလျက်ရှိသည်။

**Source:** https://burma.irrawaddy.com/business/2020/10/07/231182.html

## COVID ကြောင့် ပြည်တွင်းဆိတ် အရောင်းအဝယ်ဈေးကွက်အေး

COVID –19 ကြောင့် ပြည်တွင်း ဆိတ်အရောင်းအဝယ်မှာ ဈေးကွက်အေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ်ရောင်းချသူများအသင်းထံမှသိရသည်။ COVIDကြောင့်သွားလာရေးခက်ခဲနေသည့်အတွက် လက်ရှိ ပြည်တွင်းဆိတ်အရောင်းအဝယ်မှာ တစ်ပေါင်လျှင် ၁၅၀၀ ကျပ်နှုန်း ပေါက်ဈေးရှိသော်လည်း အရောင်းအဝယ်မရှိဖြစ်နေကြောင်းသိရသည်။ " ဆိတ်အရောင်းအဝယ်ဖြစ်ပြီးလို့ တစ်နေရာကနေ တစ်နေရာကို သယ်ယူမယ့်အခါ ကိုဗစ်စည်းကမ်းချက်ဖြစ်တဲ့ ညမထွက်ရ ၊ ညမအိပ်တာမျိုးစတဲ့အခြေအနေတွေကြောင့် အရောင်းအဝယ်မဖြစ်တာ။ အခုလောလောဆယ်မှာတော့ မန္တလေးမြို့က ဈေးကြီးတွေက ဆိတ်သားအရောင်းဆိုင်တွေလောက်ပဲ ဈေးကွက်မပျက်အောင် အသားဈေးနဲ့ရောင်းပေးနေတာမျိုးပဲရှိတယ်"ဟု

အဆိုပါအသင်း ဒုတိယဥက္ကဋ္ဌ ဦးထက်သူအောင်ကပြောသည်။ လက်ရှိဆိတ်ဈေးကွက်တွင် မြို့ကြီးများ၌ ဆိတ်ဈေးကွက်ပျောက်နေသည့်အတွက် နယ်မြို့များမှ ဆိတ်မွေးသူများ အခက်တွေ့နေကြောင်း ၊ ပြီးခဲ့သည့် ဇန်နဝါရီလမှဇွန်လထိ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ပြီး ဩဂုတ်လမှစတင်ကာ လက်ရှိအချိန်ထိ ဆိတ်ဈေးကွက်ကျဆင်းလာကြောင်းသိရသည်။

ယခု ၂၀၂၀ ခုနှစ်တွင် COVID-19 ကြောင့် ၁၁နှစ်အတွင်း ဆိတ်ဈေးနှုန်းမှာ တစ်ပေါင်လျှင် ၂၀၀၀ ကျပ်အောက်သို့ရောက်ရှိခဲ့ပြီး ယခင် ပြည်တွင်း၊ပြည်ပ၌ ဆိတ်အရောင်းအဝယ်ဖြစ်ပေါ်ချိန်တွင် ဆိတ်တစ်ပေါင်လျှင် ၂၃၀၀ ကျပ်မှ ၂၇၀၀ ကျပ်ခန့်ထိ ရရှိခဲ့ဖူးကြောင်းသိရသည်။

**Source:** https://www.facebook.com/fifthwavenews/

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ယနေ့ပြန်လည်စတင်မည်



တစ်ရက်လျှင် အမေရိ ကန်ဒေါ်လာ ၁၄ သန်းခန့် ကုန်သွယ်နေသော မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အောက်တိုဘာ ၈ ရက်တွင် ပြန်လည်လုပ်ဆောင်နိုင်မည်ဟု မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း နှစ်ပတ်လည် ရုံးပိတ်ရက်အဖြစ် အောက်တိုဘာ ၁ ရက်မှ ၇ရက်အထိ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများရပ်ဆိုင်းခဲ့၍ အကောက်အခွန်လုပ်ငန်းများအပါအဝင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပေ။ "ပုံမှန်ဆိုရင် အောက်တိုဘာ ၈ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီဆိုရင် ကုန်သွယ်ရေးလုပ်ငန်းတွေ ပြန်လုပ်လို့ရပြီ"ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံ ကျယ်ဂေါင်၌ ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ချိန်ကို စောင့်နေသော မြန်မာနိုင်ငံမှ ဆန်၊ ပဲ စသောကုန်စည်များ တင်ဆောင်ထားသည့် ကုန်တင်ယာဉ် အစီး ၄၀၀ ခန့်ရှိသည်ဟု ၎င်းကဆိုသည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းလေးခုတွင် ကုန်သွယ်မှုအများဆုံးဖြစ်သော မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် COVID-19 ကပ်ရောဂါကြောင့် ပြီးခဲ့သည့် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အကြာ လုပ်ငန်းများရပ်ဆိုင်းခဲ့ရသည်။

ကုန်သွယ်မှုလုပ်ငန်းများ တစ်ပတ်ကျော် လုပ်ဆောင်ခဲ့ပြီးနောက် တရုတ်အစိုးရ၏ တရားဝင်ရုံးပိတ်ရက်ကြောင့် နောက်ထပ်တစ်ပတ်ခန့် ကုန်သွယ်မှုရပ်ဆိုင်းရသည်။ ထို့အပြင် တိုင်းနှင့်ပြည်နယ်အစိုးရများ၏ ကပ်ရောဂါထိန်းချုပ်ရေးအစီအစဉ်များကြောင့် ကျန်းမာရေးစစ်ဆေးသည့် ဂိတ်များတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသဖြင့် ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးနေရသည်ဟု မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ မန္တလေး-မူဆယ်လမ်းတစ်လျှောက် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများသည် ပုံမှန်အချိန်ထက် အချိန်နှစ်ဆခန့် ပိုကြာမြင့်သည်ဟု ၎င်းတို့ကပြောသည်။

ထို့ကြောင့် ကုန်စည်ပို့ဆောင်ရေး ကားခများလည်း ၄၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားသည်။ ယခင်က မန္တလေးမှ မူဆယ်သို့ ကုန်စည်တင်ပို့လျှင် တစ်ပိဿာ ၃၅ ကျပ်၊ တစ်တန်လျှင် ၂၂,၀၀၀ ကျပ်ဝန်းကျင် ဈေးရှိခဲ့သော်လည်း လက်ရှိတွင် တစ်ပိဿာ ၅၅ ကျပ်၊ တစ်တန်လျှင် ၃၅,၀၀၀ ကျပ် ဈေးမြင့်တက်လာသည်။

**Source:** https://7day.news/detail?id=201295

## နိုင်ငံခြားငွေလွှဲဝန်ဆောင်မှုအတွက် ကမ္ဘောဇဘဏ်နှင့် Tranglo တို့ ပူးပေါင်းဆောင်ရွက်

ကမ္ဘောဇဘဏ်နှင့်အာရှနိုင်ငံများတွင် နယ်စပ်ဖြတ်ကျော် ငွေလွှဲဝန်ဆောင်မှုပေးနေသည့် Tranglo ကုမ္ပဏီတို့သည် နိုင်ငံခြားငွေလွှဲဝန်ဆောင်မှုအတွက် ပူးပေါင်းဆောင်ရွက်မည်ဟု ကမ္ဘောဇဘဏ်က အောက်တိုဘာ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ နိုင်ငံခြားငွေလွှဲဝန်ဆောင်မှုကိုအသုံးပြု၍ မလေးရှား၊စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံများမှ မြန်မာအလုပ်သမားများသည် မြန်မာနိုင်ငံရှိ ငွေလွှဲလက်ခံမည့် ကမ္ဘောဇဘဏ်အသုံးပြုများ၏ ဘဏ်အကောင့်သို့ တိုက်ရိုက်ငွေပေးပို့နိုင်မည်ဖြစ်သည်။ "အလုပ်သမားတွေအနေနဲ့ အရင်သုံးနေကျ အလွတ်သဘောနဲ့လုပ်ကိုင်နေတဲ့ ငွေလွှဲဝန်ဆောင်မှုတွေကိုသုံးမယ့်အစား ကိုယ်လွှဲ

ပေးချင်တဲ့သူရဲ့ကမ္ဘောဇဘဏ်အကောင့်ထဲကို တိုက်ရိုက်ပေးပို့နိုင်တဲ့ ဒီဝန်ဆောင်မှုကို အသုံးပြုနိုင်ပါတယ်။ ဒီဝန်ဆောင်မှုနဲ့ဆိုရင် ငွေလက်ခံမယ့်သူကလည်းဘဏ်ခွဲရှိတဲ့နေရာဆီ သွားဖို့၊ ဘဏ်မှာတန်းစီဖို့ မလိုတော့တဲ့အတွက်အချိန်ကုန်၊ ငွေကုန်သက်သာစေပါတယ်''ဟု ကမ္ဘောဇဘဏ်၏ Head of Wholesale Banking ဖြစ်သူ Stoney Hsia ကပြောသည်။

မြန်မာနိုင်ငံသို့ ငွေလွှဲလိုသူများသည် Tranglo ၏ ငွေလွှဲကောင်တာများ(သို့မဟုတ်) မလေးရှားနိုင်ငံရှိ Max Money၊ စင်ကာပူနိုင်ငံရှိ Slides SG၊ တောင်ကိုရီးယားနိုင်ငံရှိ GME စသည့် မိတ်ဖက်ကောင်တာများသို့သွားရောက်၍ ငွေလွှဲလက်ခံသူ၏ ကမ္ဘောဇဘဏ်အကောင့်သို့ တိုက်ရိုက်ငွေလွှဲနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ငွေလွှဲလုပ်ဆောင်ချက်တစ်ခုလျှင် အများဆုံး အမေရိကန်ဒေါ်လာ (၅,၀၀၀) နှင့် ညီမျှသော မြန်မာကျပ်ငွေကို ငွေလွှဲနိုင်မည်ဖြစ်သည်။ ငွေလွှဲလက်ခံသူသည် မိမိတို့၏ iBanking (သို့မဟုတ်) mBanking အကောင့်များသို့ ဝင်ရောက်ကာ ငွေအဝင်ကိုစစ်ဆေးကြည့်ရှုနိုင်သည်။ ငွေထုတ်ယူရာတွင်လည်း ဘဏ်ခွဲများသို့ သွားရောက်စရာမလိုဘဲ နီးစပ်ရာကမ္ဘောဇဘဏ် ATM စက် (သို့မဟုတ်)KBZPay မိုဘိုင်းပိုက်ဆံအိတ်တို့မှတစ်ဆင့် ငွေထုတ်ယူနိုင်မည်ဖြစ်သည်။

Tranglo သည် မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုများကိုတိုးချဲ့နေပြီး တရုတ်၊ အင်ဒိုနီးရှား၊ စင်ကာပူအစရှိသော နိုင်ငံများအပါအဝင် ၎င်း၏နိုင်ငံတကာကွန်ရက်ကိုလည်း ဆက်လက်တိုးချဲ့နိုင်ရန်ဆောင်ရွက်သွားမည်ဟု Tranglo ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Jacky Lee ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/144700.html

## တောင်ကြီးမြို့နယ်ထွက် သနပ်ဖက်များ ဈေးနှုန်းကျဆင်းသဖြင့် စိုက်ပျိုးတောင်သူများ အမြတ်နည်းပါး



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စု ထီပေါကျေးရွာ၌ စိုက်ပျိုးထွက်ရှိသော သနပ်ဖက်များ ဈေးနှုန်းကျဆင်းသဖြင့် အမြတ်နည်းပါးကြောင်း သနပ်ဖက်စိုက်ပျိုးတောင်သူများထံမှ သိရသည်။ "ကျွန်မတို့က သနပ်ဖက်စိုက်ပျိုးတာကြာပါပြီ။ သနပ်ဖက်က နှစ်ရှည်ပင်ဖြစ်လို့စိုက်ပျိုးရတာ အဆင်ပြေပါတယ်။ သနပ်ဖက်က ၇ လ ပိုင်းဆို စပြီးခူးလို့ရပါပြီ၊ ခူးပြီးရင် အညှာခွာရတယ်။ ပြီးရင် လှော်ရတယ်၊ လှော်တဲ့အချိန်မှာ ထင်းနဲ့ပဲလှော်ရတော့အခက်အခဲရှိပါတယ်။ လှော်ချိန်ဆိုလည်း တစ်ညလုံးမအိပ်ဘဲ လှော်ရတယ်၊ လှော်ပြီးသား သနပ်ဖက်တွေကို အကြီးအသေးနှစ်မျိုးခွဲပြီး ပွဲစားတွေကတစ်ဆင့် ရောင်းရပါတယ်။ အရင်နှစ်က သနပ်ဖက်တစ်ပိဿာကို ငွေကျပ် ၈၀၀၀ လောက်ရတယ်။ ဒီနှစ်တော့ တစ်ပိဿာကို ငွေကျပ် ၃၈၀၀ လောက်ပဲရတယ်။ အမြတ်နည်းတာပေါ့" ဟု တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စု ထီပေါကျေးရွာမှ သနပ်ဖက်စိုက်ပျိုးတောင်သူ နန်းထားကြည်ကပြောသည်။

အဆိုပါ သနပ်ဖက်များသည် နှစ်ရှည်ပင်များဖြစ်ပြီး တစ်ခါစိုက်ပျိုးထားပြီး ပြုစုမှုကောင်းမွန်ပါက နှစ်ပေါင်းများစွာ ခူးဆွတ်ရကြောင်းသိရသည်။ သနပ်ဖက်ပင်များသည် ဇွန်လတွင် အတက်များစတင်ထွက်ရှိပြီး မြေသြဇာကျွေးခြင်း၊ ဆေးဖျန်း ခြင်း၊ ပေါင်းရှင်းခြင်းများကို လုပ်ဆောင်ပေးရပြီး အောက်တိုဘာလအထိ ခူးဆွတ်ရကြောင်း၊ နိုဝင်ဘာလတွင် အပင်များကို ခုတ်ထွင်ထားရကြောင်း နှင့် တစ်နှစ်တစ်ခါ အတက်ထွက်ပြီး ၃ လ ၄ လကြာ ခူးဆွတ်ရောင်းချရကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2699

## ကိုဗစ်အကန့်အသတ်နှင့် ကုန်သွယ်ရေးဒုက္ခများအကြား ကုန်စည်စီးဆင်းမှုပြတ်တောက်ရန် စိုးရိမ်ရဟုဆို

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရင်ဆိုင်နေရချိန် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးရေစီးကြောင်း စီးဆင်းမှုသည် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးနှင့် ကုန်သွယ်မှုမပြတ်တောက်စေရေး ဒွန်တွဲမှုအကန့်အသတ်များအကြား အခက်အခဲ၊ ပြဿနာများ ဆက်လက်ဖြစ်ပေါ်နေပါက ကုန်သွယ်ရေးရပ်၍ ကုန်ဈေးနှုန်းမြင့်တက်မှုများ ကြုံတွေ့လာမည်ဟု ကုန်သွယ်ရေးအသိုင်းအဝန်းက ပြောဆိုလာကြပြီဖြစ်သည်။ ပြည်နယ်တစ်ခုမှ အခြားပြည်နယ်တစ်ခုသို့ ကုန်တင်ယာဉ်များဖြတ်သန်း သွားလာမှုအပေါ် ရောဂါပြန့်ပွားမှု

ထိန်းချုပ်ရန် ကိုဗစ်ဗဟိုကော်မတီ၏ စံနှုန်းသတ်မှတ်ချက် (Standard Operation Procedure–SOP) များ၊ ပြည်နယ်အချို့ကန့်သတ်မှုများ လုပ်ဆောင်ခြင်းက ကုန်သွယ်ရေးစီးဆင်းမှုအား နှောင့်နှေးကြန့်ကြာ ရပ်တန့်မှုများ၊ အခက်အခဲများဖြစ်ပေါ်ကာ ကုန်စည်များပို့ဆောင်မှုကို ရိုက်ခတ်လာသည်။

တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခုဖြတ်သန်းရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နှစ်ပတ်အတွင်းထုတ်ပေးထားသည့် ကိုဗစ်–၁၉ ရောဂါကင်းရှင်း (Negative)ကြောင်း ထောက်ခံချက်ရရှိရန် စစ်ဆေးမှုလုပ်ဆောင်ရာ ကျန်းမာရေးဝန်ထမ်းနှင့် Test kits များ လုံလောက်မှုမရှိခြင်းကြောင့် လူအနည်းငယ်သာ စစ်ဆေးနိုင်ခြင်းက နေ့စဉ်ပုံမှန်ကုန်သွယ်မှု အပေါ် ထိခိုက်နေသည်။ ရန်ကုန်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်မှ အခြားတိုင်းနှင့်ပြည်နယ်များသို့သွားသည့် မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဝင် ကုန်တင်ကားများသည် တစ်ရက်လျှင် စီးရေ ၃၀၀ မှ ၄၀၀ ဝန်းကျင်ရှိသော်လည်း ယခုအခါ ကိုဗစ်–၁၉ ရောဂါ စစ်ဆေးမှုသည် တစ်ရက်လျှင် စီးရေ ၅၀ စသာ စစ်ဆေးပေးနိုင်ရာ နေ့စဉ်ပုံမှန်ထွက်နေသော ကုန်တင်ကားအားလုံးမထွက်ကြောင်း၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကြင်သိန်းက မြန်မာတိုင်းမ်ကိုပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်နှင့်ပွဲရုံမှ ရခိုင်ပြည်နယ်၊ တနင်္သာရီ၊ ရှမ်း၊ မန္တလေး၊ မူဆယ်သို့ နေ့စဉ်ကုန်သွယ်မှုလုပ်ဆောင်နေခြင်းဖြစ်ပြီး လက်ရှိတွင် နေ့စဉ်ပုံမှန်ထွက်မည့် ကုန်တင်ကားစီးရေအားလုံး မထွက်ရှိနိုင်ခြင်းကြောင့် ကုန်စည်ပို့ဆောင်သယ်ယူမှု အနည်းငယ်သာလုပ်ဆောင်နိုင်၍ ယင်းအခြေအနေဆက်လက်ဖြစ်ပွားနေပါက အခြားတိုင်းနှင့်ပြည်နယ်များတွင် ကုန်စည်ပြတ်လပ်ကာ ကုန်ဈေးနှုန်းမြင့်တက်မှုများဖြစ်လာနိုင်သည်ဟု ၎င်းကဆိုသည်။

အလားတူ ရှမ်းပြည်နယ်တွင်လည်း နေ့စဉ်ကုန်တင်ယာဉ်များကိုစစ်ဆေးရန် Test kits များလုံလောက်မှု မရှိခြင်းကြောင့် နောက်ပိုင်းတွင် ကုန်သွယ်မှုရပ်သွားနိုင်သည်ဟု မူဆယ်အဝေးပြေးကုန်စည်ပို့ဆောင်မှု လုပ်ငန်းရှင်အသင်းကဆိုသည်။ လက်ရှိမှာပင် ရန်ကုန်တိုင်း၏ ကြက်သွန်နီနှင့် အာလူးဈေးနှုန်းမှာ မြင့်တက်လာပြီး ကြက်သွန်နီပေါက်ဈေးမှာ တစ်ပိဿာလျှင် ၈၀၀ မှ ၁၁၀၀ ကျပ်ရှိလာပြီး အာလူးတစ်ပိဿ ၈၀၀ ကျပ်ခန့်ရှိရာမှ ယခုအခါ ၁၂၅၀ ကျပ်ရှိလာကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။ ''နယ်ကလည်း သူတို့ပေးမလာရင်မသွားရုံပါပဲ။ Test kits စစ်ဆေးတာက တဖြည်းဖြည်းနဲ့ တိုးလုပ်ပေးမယ်ပြောတယ်။ ဒါပေမယ့် နည်းနေတုန်းပဲရှိသေးတယ်။ အဓိကအခက်အခဲက သယ်ယူပို့ဆောင်ရေးပဲ။ သယ်ယူပို့ဆောင်ရေး အခက်အခဲမရှိဘူးဆိုရင် ကုန်တွေက အများကြီးရှိတယ်''ဟု ၎င်းကဆိုသည်။

ကုန်သွယ်မှု မပြတ်တောက်စေရေးအတွက် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ ရောဂါစစ်ဆေး ရန် ကျန်းမာရေးဝန်ထမ်း လုံလောက်စွာမရှိပေ။ ကုန်းလမ်းတစ်လျှောက် နေရာအချို့တွင် စစ်ဆေးမှုများလုပ်ဆောင်ပေးနေသော်လည်း ကုန်တင်ယာဉ်များ လမ်းတွင် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်နေဆဲဖြစ်သည်။ လက်ရှိတွင် ကုန်တင်ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ Test kits စစ်ဆေးရာတွင် လူအနည်း ငယ်သာ စစ်ဆေးနိုင်သည့်အတွက် ထပ်မံတိုးချဲ့စစ်ဆေးရန်နိုင်ရန် စီစဉ်ဆောင်ရွက်နေသည်ဟု ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကဆိုသည်။ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် ကုန်တင်ယာဉ်များအား ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းအသုံးပြုခွင့်ပြုလုပ်ပြီဖြစ်ပြီး ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား Test Kit များလုံလောက်စွာဖြင့် ရောဂါရှာဖွေစစ်ဆေးမှုများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အစိုးရအချင်းချင်းဆွေးနွေး၍ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း (B to B ) စနစ်ဖြင့် ဝယ်ယူတင်သွင်းမည်ဟုသိရသည်။ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် နိုင်ငံတော်က အရန်ရိက္ခာဆန်ကို လက်လီရောင်းချပေးနေပြီး လက်ရှိအနေအထားအရ အခြေခံရိက္ခာများသည်လုံလောက်ပြီး စားနပ်ရိက္ခာပြတ်လပ်မှုမရှိကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်နေပြီး ကုန်စည်စီးဆင်းနိုင်အောင်လည်း အစိုးရကဆောင်ရွက်ထားပြီးဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန်းမြင့်ကဆိုသည်။

နိုင်ငံတော်အစိုးရနှင့်ကုန်သည်အသင်းအဖွဲ့များ၏လက်ဝယ်တွင် အခြေခံရိက္ခာများပြည့်စုံစွာရှိသည့်အတွက် လက်ရှိ COVID-19 ရောဂါဖြစ်ပွားမှု အများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက် အခြေခံရိက္ခာပြည့်စုံလုံလောက်စွာရှိနေသည်ဟု ၎င်းကဆိုသည်။ သို့သော် နိုင်ငံတော်က ဆန်နှင့်ဆီသာရောင်းပေးခြင်းဖြစ်၍ အခြားအခြေခံ

စားသောက်ကုန်မှာ ကုန်စည်စီးဆင်းရန်လိုအပ်နေသည်။ တစ်ဖက်တွင်လည်း ရှမ်းပြည်နယ်အစိုးရက ပြည်နယ်အတွင်းရှိ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက် လိုက်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ စစ်ဆေးနေပြီး Negative result ထွက်သူများကို အခြား တိုင်းနှင့်ပြည်နယ်သို့ ထွက်ခွင့်ပြုသော်လည်း ရှမ်းပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာပါက သက်ဆိုင်ရာမြို့ နယ်များတွင် Facility Quarantine ဝင်ရောက်ရမည်ဟု သတ်မှတ်ထားသည်။ ယင်းအချက်သည် ကုန်သွယ်မှုကို ပြတ်တောက်သွားစေနိုင်ပြီး ကုန်တင်ယာဉ်မောင်းလဲလှယ်စနစ်ဖြင့် လုပ်ဆောင်ပါကလည်း အဆင်မပြေနိုင်ကြောင်း ဦးကြင်သိန်းက ဆိုသည်။ ''Negative result ထွက်ရှိထားသူက Quarantine ဝင်ရောက်ဖို့ လုံးဝမလိုအပ်ဘူး။ ရှမ်းပြည်နယ် တောင် ပိုင်း(တောင်ကြီး)ကို ရန်ကုန်မှာ ကုန်တင်ကားဆေးစစ်ချက်အောင်လည်း Q ပြန်ဝင်ရမယ်ဆိုတာဟာ ယာဉ်မောင်းအားလုံးရဲ့ကြီးမားခက်ခဲတဲ့ စိန်ခေါ်မှုကြီး ဖြစ်နေပါတယ်။ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်နယ်စပ်မှာ ဘယ်ကားမဆို တောင်ကြီးဖက်ကလာတဲ့ ဒရိုင်ဘာနဲ့ Change ပြီးမှ ဝင်မယ်ဆိုတာဟာ မဖြစ်နိုင်ဘူး။ ကုန်စည် စီးဆင်းမှုလုံခြုံချောမွေ့စေဖို့ ဒါကိုဖြေလျှော့စဉ်းစားပေးစေချင်တယ်။ Test kits စစ်တာကို အင်နဲ့အားနဲ့လုပ်ပေး စေချင်တယ်။ ကားတွေက လမ်းမှာပုံနေပြီးတော့ ယာဉ်မောင်းတွေနဲ့ ဒေသအာဏာပိုင်တွေနဲ့ အမြင်လွဲမှုတွေ ဖြစ်ပြီး ဘေးထွက်ဆိုးကျိုးတွေဖြစ်လာနိုင်တယ်''ဟု ၎င်းကဆိုသည်။

လက်ရှိအခြေအနေများက ဘေးထွက်ဆိုးကျိုးများအဖြစ် ကုန်တင်ယာဉ်နှင့်ယာဉ်မောင်းငှားခဈေးနှုန်းများမြင့်တက်ခြင်း၊ တိုင်းနှင့်ပြည်နယ်များတွင် ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်လာမည်ဟု ဦးကြင်သိန်းကဆိုသည်။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ရောဂါပိုးစစ်ဆေးပြီးသူများကို ကာလတစ်ခုသတ်မှတ်၍ သွားလာခွင့်ပြုရန် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီသို့တင်ပြထားသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်ကဆိုသည်။ ''ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ကို ဘယ်ကာလအထိ အသုံးပြုနိုင်မလဲ။ ရောဂါပိုးစစ်ဆေးပြီး သွားတဲ့ဟာကို ၇ ရက်သို့မဟုတ် ၁၄ ရက်ပေါ့။ ၁၄ ရက်ကျော်ရင်တော့ ပြန်စစ်ရမှာပေါ့။ ဒါမျိုးဟာတွေကို ဆောင်ရွက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပေးဖို့ ဗဟိုကော်မတီကို ဆွေးနွေးချက်တွေတင်ပြထား တယ်''ဟု ၎င်းကပြောသည်။

ထို့ကြောင့် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ ရောဂါပိုးစစ်ဆေးမှုအား ပိုမိုတိုးမြှင့်စစ်ဆေးရန် လိုအပ်နေပြီး တစ်ဖက် တွင်လည်း ဖြေလျှော့သင့်သည်များကို ဖြေလျှော့ပေးခြင်းအပြင် ကိုဗစ်ပြန့်ပွားမှုကြောင့် ကုန်သွယ်ရေးစီးဆင်းမှု နှောင့်နှေး ကြန့်ကြာမှုများဖြစ်ပေါ်နေချိန်တွင် မဖြစ်မနေသုံးရန် မလိုအပ်သောကုန်စည်များအား အစိုးရကရဲတင်းပြတ်သားစွာ ကုန်စည်သယ်ဆောင်ခွင့် ပိတ်သင့်သည်ဟု ဦးကြင်သိန်းကထောက်ပြပြောဆိုသည်။ ယခုကဲ့သို့ ကိုဗစ်ပြန့်ပွားမှု ရင်ဆိုင်နေ ရချိန်တွင် ကုန်ကားများသွားလာနိုင်မှု အကန့်အသတ်အခြေအနေများကြောင့် အခြေခံစားသောက်ကုန်အတွက် မဖြစ်မနေ လိုအပ်သော ကုန်စည်များနှင့်ကြာရှည်မခံသည့် အသီးအရွက်များ၊ သားငါးများကိုသာ အဓိကသယ်ယူခွင့်ပြု၍ မဖြစ်မနေ မလိုအပ်သော အချိုရည်၊ မုန့်၊ အိမ်ဆောက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း ၊ဘိယာ၊အရက်နှင့် မဖြစ်မနေသုံးစွဲရန် မလိုအပ်သော ကုန်စည်များသယ်ဆောင်မှုကို ယခုအချိန်တွင် ပိတ်သင့်နေပြီဖြစ်သည်။ ''ကားသမားတွေကလည်း စိတ်ညစ်နေကြပြီ။ ဒေသအာဏာပိုင်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကလည်း ပင်ပန်းနေကြပြီ။ နိုင်ငံတော်ကလည်း ပြိုင်းနေပြီ။ ကုန်စည် စီးဆင်းမှုကို တစ်ခုခုဆုံးဖြတ်ပေးမှရမှာ။ ကုန်စည်ပို့ဆောင်ရေးနဲ့ ကျန်းမာရေးနှစ်ဖက်ကြားမှာ နိုင်ငံတော်အနေနဲ့ လက်တွေ့ ဆန်တဲ့ ဖြေလျှော့မှုတွေလိုတယ်။ ကျွန်တော်တို့ဆန္ဒချည်းပဲပြောရင် ရောဂါဖြစ်တဲ့လူကလည်း တိုးတိုးလာမယ်။ ရောဂါ လျော့အောင်လုပ်ရင်လည်း ကုန်စည်ပို့ဆောင်ရေးက ပြန်ဖြစ်မှာ။ အဲတော့ မလိုအပ်တဲ့ကုန်စည်တွေ မထွက်တာကောင်းတယ်။ အဓိကလိုအပ်တဲ့ ကုန်စည်တွေပဲတင်စေချင်တယ်။ ကြာရင် နိုင်ငံတော်အပေါ်မှာ လူတွေအကုန်လုံး အကြည်ညိုပျက်သွား လိမ့်မယ်''ဟု ၎င်းကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/144683.html

## ရန်ကုန်တိုင်းအတွင်း ဆောက်လုပ်ရေးလုပ်ငန်းအချို့ ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်

ဆောက်လုပ်ရေးလုပ်ငန်း သဘောသဘာဝအရ ရပ်ဆိုင်းရန်အခက်အခဲရှိသော ဆောက်လုပ်ရေးလုပ်ငန်းအချို့ကို ဆက်လက်ဆောင်ရွက်ရန်ခွင့်ပြုသည်ဟု ကိုဗစ်နိုင်တင်းကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏

ထုတ်ပြန်ချက်အရသိရသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စက်တင်ဘာ ၂၀ ရက်ထုတ် အမိန့်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများအားလုံးကို ရပ်ဆိုင်းထားပြီးဖြစ်သည်။ သို့သော် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးလုပ်ငန်းသဘောသဘာဝအရ ရပ်ဆိုင်းရန်အခက်အခဲရှိသော ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် ကိုဗစ်နိုင်တင်းကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြမှုများရှိခဲ့သည်။

ဆောက်လုပ်ရေးလုပ်ငန်းများ၏သဘောအရ Bored Pile တူးခြင်းလုပ်ငန်း၊ Girder Launching လုပ်ငန်း၊ အမိုးမိုးခြင်းလုပ်ငန်းကဲ့သို့သော လုပ်ငန်းများသည် ခေတ္တရပ်ဆိုင်း၍မရဘဲ အဆုံးထိ တစ်ဆက်တစ်စပ်တည်းလုပ်ကိုင်ရသော သဘောသဘာဝရှိခြင်း၊ ရေတက်ရေကျအခြေအနေအပေါ်မူတည်၍ဆောင်ရွက်ရသော သဘောသဘာဝရှိခြင်း၊ အချို့မှာလုပ်ငန်းခြံဝင်းတစ်ခုအတွင်း အင်ဂျင်နီယာနှင့် ပန်းရန်အဖွဲ့မှ လုပ်ငန်းခွင်အပြင်မထွက်ဘဲ အဆိုပါနေရာတွင်ပင် နေထိုင်စားသောက်ကာ အပြီးသတ်ဆောင်ရွက်နေသည့် လုပ်ငန်းအချို့ရှိနေခြင်းတို့ကြောင့် အဆိုပါလုပ်ငန်း သဘောသဘောဝသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ ၁၀ ရာခိုင်နှုန်းခန့်ကို ဆက်လက်ဆောင်ရွက်ခွင့်ပြုနိုင်ရန် တင်ပြခဲ့ကြသည်။

အဆိုပါတင်ပြသောကိစ္စနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်မည်ဆိုပါက ခွင့်ပြုသင့်သည်ဟု ကိုဗစ်နိုင်တင်း ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက အသိပေးထုတ်ပြန်ခဲ့သည်။ အဆိုပါလုပ်ငန်း သဘောသဘောဝသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ ၁၀ ရာခိုင်နှုန်းခန့်သာ ခွင့်ပြုမည်ဖြစ်ပြီး လုပ်ငန်းများအနေဖြင့် ကိုဗစ်နိုင်တင်း ကာကွယ်ထိန်းချုပ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှဖွဲ့စည်းထားသော ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီသို့ တင်ပြခွင့်ပြုချက်တောင်းခံရမည်ဖြစ်ကာ ကော်မတီမှ စိစစ်ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်ဖြစ်သည်။
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကိုဗစ်နိုင်တင်း ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီတစ်ခုကိုဖွဲ့စည်းထားပြီး အစိုးရ၏သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိကို ကြီးကြပ်စစ်ဆေးလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/144676.html

## မော်တော်ယာဉ်အရောင်းပြခန်းများအတွက် သွင်းကုန်လိုင်စင်လျှောက်ထားမှု အောက်တိုဘာလဆန်းမှစ၍ Fully Online စနစ်ဖြင့်ဆောင်ရွက်ပေးလျက်ရှိ

မော်တော်ယာဉ်အရောင်းပြခန်း (Showroom)များအတွက် သွင်းကုန်လိုင်စင်လျှောက်ထားမှုအား အောက်တိုဘာလဆန်းမှ စတင်ပြီး Fully Online စနစ်ဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးမင်းမင်းကဆင်ဟွာသို့ အောက်တိုဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။ "မော်တော်ယာဉ်အရောင်းပြခန်းတွေအတွက် သွင်းကုန်လိုင်စင်လျှောက်ထားမှုကို ကျွန်တော်တို့အနေနဲ့ အောက်တိုဘာ ၁ ရက်က စပြီး Fully Online စနစ်ဖြင့်လက်ခံဆောင်ရွက်ပေးနေတယ်။ Showroomတွေမှာ လျှောက်ထားနိုင်တဲ့ HS Code line (၇၀၀) ကျော်ကို ထပ်မံခွင့်ပြုပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။

COVID-19 အရေးပေါ်ကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်မှစတင်၍ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များအား အွန်လိုင်းစနစ်ဖြင့် တိုးချဲ့ထုတ်ပေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ပို့ကုန်သွင်းကုန်လိုင်စင်စောင်ရေ (၂၃,၆၀၀ ) တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၇ဒသမ၆)ဘီလီယံကျော်ဖိုးအား အွန်လိုင်းစနစ်ဖြင့် ထုတ်ပေးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29844-fully-online

## Brexit bill အား ဗြိတိန်မှ အတည်ပြုပြီးနောက် အီးယူဘက်မှ ဥပဒေအရ ဆောင်ရွက်မှုများစတင်ပြုလုပ်

ဗြိတိန်ခွဲထွက်မှု (Brexit) ဆိုင်ရာသဘောတူညီချက်အား လိုက်နာခြင်းမရှိသည့် ဗြိတိန်၏ Internal Market Bill နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ ဆောင်ရွက်ချက်များ၏ ပထမအဆင့်အဖြစ် ဗြိတိန်နိုင်ငံအား တရားဝင်အသိပေး အကြောင်းကြားခဲ့ကြောင်း ဥရောပကော်မရှင် ဥက္ကဌ Ursula von der Leyen က ပြောကြားခဲ့သည်။ Internal Market Bill ကို ပြဌာန်းခြင်းသည် ဗြိတိန် နိုင်ငံအနေဖြင့် နိုင်ငံတကာဥပဒေတစ်ရပ်ကို ချိုးဖောက်သကဲ့သို့ ဖြစ်စေနိုင်သည်ဟု ဗြိတိန်နိုင်ငံ၏ ဝန်ကြီးအချို့မှ ဝန်ခံပြောကြားထားသော်လည်း အဆိုပါ Bill ကို ပြီးခဲ့သည့် သီတင်းပတ်အစောပိုင်း တွင်ဗြိတိန်နိုင်ငံက အတည်ပြုခဲ့ပြီးနောက် အီးယူဘက်မှ ယခုကဲ့သို့ တရားဝင်အသိပေးချက် ပေးပို့ခြင်းဖြစ်သည်ဟုသိရသည်။

ဗြိတိန်နိုင်ငံ၏ အဆိုပြု ဥပဒေပြဌာန်းချက်သည် House of Lords ၏ အတည်ပြုချက်ရယူရန်လိုအပ်မည်ဖြစ်ပြီး ၎င်း bill ကို အတည်ပြုခဲ့ပါက ဗြိတိန်နိုင်ငံ၏ အီးယူမှနှုတ်ထွက်မှု သဘောတူညီချက်ပါ အစိတ်အပိုင်းများကို ဗြိတိန်ဘက်မှ တစ်ဖက်သတ်ပြင်ဆင် ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သည်။ post-Brexit အကူးအပြောင်းကာလအတွင်း ကုန်သွယ်ရေး သဘောတူညီချက်အတွက် ဆွေးနွေးမှုများကို ထိခိုက်စေနိုင်သည့် ခြိမ်းခြောက်မှုများနှင့်အတူ ဗြိတိန်နှင့် အီးယူတို့အကြား သဘောထားကွဲလွဲမှုများ ပိုများလာနေကြောင်းသိရသည်။ ဗြိတိန်နိုင်ငံ၏ Internal Market Bill ကို လက်ရှိအတိုင်း အတည်ပြုချမှတ်ခဲ့ပါက အိုင်ယာလန်-မြောက်အိုင်ယာလန် ပရိုတိုကောနှင့် အပြည့်အဝသွေဖည်လိမ့်မည်ဖြစ်ကြောင်း Ursula von der Leyen က ပြောကြားခဲ့သည်။

Internal Market Bill ၏ ပြဿနာရှိသော အစိတ်အပိုင်းများကို ဗြိတိန်နိုင်ငံဘက်မှ ဖယ်ရှားပေးရန် စက်တင်ဘာလကုန်အထိ အီးယူဘက်မှ အချိန်ပေးထားခဲ့ပြီး၊ ယခုအခါ သတ်မှတ်ရက်မှာ ကျော်လွန်သွားပြီဖြစ်သော်လည်း ၎င်းပြဌာန်းချက်များသည် ဆက်ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ဥရောပကော်မရှင်သည် ဗြိတိန်နိုင်ငံအစိုးရထံသို့ တရားဝင် အသိပေးစာပေးပို့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ ထိုသို့ တရားဝင်အကြောင်းကြားမှုသည် ဥပဒေအရဆောင်ရွက်သည့်လုပ်ငန်းစဉ်၏ ပထမ အဆင့်ဖြစ်ကြောင်းသိရသည်။ ဗြိတိန်အစိုးရအနေဖြင့် အီးယူဘက်မှ အကြောင်းကြားစာအပေါ် ပြန်ကြားရန် အချိန် (၁) လရရှိမည်ဖြစ်ပြီး၊ ဥရောပကော်မရှင်အနေဖြင့် ခွဲထွက်ရေး သဘောတူညီချက်ကို အချိန်မီ အပြည့်အဝ အကောင်အထည် ဖော်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟု Ursula von der Leyen ကပြောကြားသည်။ ဗြိတိနိုင်ငံ၏ Internal Market Bill သည် ခွဲထွက်ရေး သဘောတူညီချက်အပေါ် ချိုးဖောက်မှုတစ်ရပ် ပါဝင်နေကြောင်းကို အီးယူဘက်မှ ယခင်ကတည်းက ပြောကြားမှုရှိထားပြီး၊ ဗြိတိန်အနေဖြင့် အဆိုပါပြဌာန်းချက် (bill) ကို ပြင်ဆင်ရန်ပျက်ကွက်ခဲ့ပါက အီးယူဘက်အနေဖြင့် ဥပဒေအရ ဆောင်ရွက်နိုင်သော နည်းလမ်းများအားလုံးကို အသုံးပြုသွားမည်ဖြစ်သည်ဟု သတိပေးထားကြောင်းသိရသည်။

**Source:** https://www.cnbc.com

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## Toshiba ကုမ္ပဏီ၏ memory chip ထုတ်လုပ်သည့် ကုမ္ပဏီဟောင်း စတော့ဈေးကွက်အတွင်း ဝင်ရောက်ရေး ဆိုင်းငံ့လိုက်ပြီဖြစ်

ဂျပန်နိုင်ငံရှိ Memory chip ထုတ်လုပ်သည့် လုပ်ငန်းကြီးတစ်ခုဖြစ်သည့် Kioxia Holdings သည် အဆိုပါလုပ်ငန်း၏ အနေအထား မရေမရာဖြစ်နေချိန် စတော့ဈေးကွက်အတွင်း ရှယ်ယာရောင်းဝယ်ရေးပြုလုပ်မည့် အစီအစဉ်ကို ဆိုင်းငံ့လိုက်ပြီ ဖြစ်ကြောင်း သိရပါသည်။ အမေရိကန်နှင့် တရုတ်တို့အကြား နည်းပညာဆိုင်ရာကုမ္ပဏီများနှင့် ပတ်သက်၍ လွန်ဆွဲမှုများ အရှိန်အဟုန်မြင့် တက်လာနေခြင်းက နောက်ခံအကြောင်းအရင်းတစ်ခုဖြစ်ကြောင်းသိရပါသည်။

Kioxia Holdings သည် ဂျပန်၏ အီလက်ထရွန်နစ်ကုမ္ပဏီကြီးဖြစ်တဲ့ Toshiba ၏ Memory Chip လုပ်ငန်းကို အဓိကထုတ်လုပ်ဆောင်ရွက်နေသည့်ကုမ္ပဏီ ဖြစ်ပါသည်။NAND အမျိုးအစား flash memory chip ထုတ်လုပ်သည့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများတွင် တစ်ခုပါဝင်သည့် Kioxia Holdings ၏ အမှုဆောင်ဘုတ်အဖွဲ့သည် စက်တင်ဘာလ နောက်ဆုံးပတ်တွင် ထုတ်လုပ် မှုကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့ပါသည်။

Kioxia Holdings အနေဖြင့် အောက်တိုဘာလ ၆ ရက်နေ့တွင် ဒေါ်လာ ၁၄ ဘီလီယံကျော် တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု ပမာဏဖြင့် တိုကျိုစတော့ဈေးကွက်တွင်း ဝင်ရောက်ရန်ပြင်ဆင်ခဲ့ပါသည်။ ထိုပမာဏသည် ယခု ၂၀၂၀ ပြည့်နှစ်အတွင်း အများပြည်သူများ တိုကျိုစတော့ ဈေးကွက်တွင်ဝင်ရောက်ကာ ရှယ်ယာအရောင်းအဝယ်ပြုလုပ်နိုင်သည့် တန်ဖိုးအကြီးဆုံး ပမာဏဖြစ်ကြောင်းဆိုပါသည်။

သို့သော် Kioxia က အမေရိကန်၏ သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများကြောင့် ၎င်း၏ အဓိကဖောက်သည်ဖြစ်သည့် Huawei ကုမ္ပဏီထံ semiconductor များ တင်ပို့ရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။ အမေရိကန်အစိုးရက စက်တင်ဘာ ၁၅ ရက်နေ့ကစတင်ကာ တရုတ်ဆက်သွယ်ရေးလုပ်ငန်းကြီးဖြစ်သည့် Huawei ထံ ကွန်ပြူတာ chip များ ရောင်းချခြင်းများ အပေါ် တင်းကျပ်သည့် ဖိအားပေးမှုများရှိခဲ့ပါသည်။ Kioxia ၏ စီမံခန့်ခွဲရေးတာဝန်ရှိသူများက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ ဒုတိယလှိုင်းပြန့်ပွားမှုနှင့်ပတ်သက်၍လည်း စိုးရိမ်မိပါကြောင်း ပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## အိန္ဒိယနိုင်ငံ၏ စီးပွားရေးကဏ္ဍအချို့ ပြန်လည်ကောင်းမွန်စပြုလာခြင်း

အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တားဆီးထိန်းချုပ်ရန် ချမှတ်ခဲ့သည့် တားမြစ် ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ် ဇွန်လမှစတင်၍ အဆင့်အလိုက် ဖြေလျှော့မှုများပြုလုပ်၍ စီးပွားရေးလုပ်ငန်းများအား လုပ်ဆောင်ခွင့်ပြုခဲ့ရာ စီးပွားရေး ကဏ္ဍအချို့တွင် ပြန်လည်နာလန် ထူစပြုလာကြောင်း သိရှိရပါသည်။

ဗြိတိန်နိုင်ငံအခြေစိုက် IHS Markit စီးပွားရေးရာလေ့လာဆန်းစစ်ရေးအဖွဲ့၏ ကုန်ထုတ်လုပ်ငန်းဝယ်ယူရေး စီမံခန့်ခွဲသူများ အညွှန်းကိန်း Purchasing Managers' Index (PMI) ဖော်ပြ ချက်အရ အိန္ဒိယနိုင်ငံ၏ PMI အညွှန်းကိန်းမှာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ၌ ၅၂.၀ ရှိရာမှ စက်တင် ဘာလတွင် ၅၆.၈ သို့ တိုးတက်လာကြောင်းတွေ့ရှိရသည်။ ယခု PMI အညွှန်းကိန်းတန်ဖိုးသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ၈ နှစ်တာအတွင်း လအလိုက်အမြင့်ဆုံးဖြစ်သည်။ IHS Markit မှ ဒါရိုက်တာ Ms. Pollyanna De Lima က Covid-19 တားဆီးထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်မှု များအား ဖြေလျှော့မှုနှင့်အတူ အိန္ဒိယ ပြည်ပပို့ကုန်လုပ်ငန်းများ၏ အမှာစာများ ပြန်လည်တိုးတက်ရှိလာပြီး ကုန်ထုတ်လုပ်ငန်းများသည် လမ်းကြောင်းမှန် ပေါ်၌ ဆက်လက်ဦးတည်လျက်ရှိကြောင်း၊ သို့ရာတွင် ကုမ္ပဏီအချို့က လုပ်သားငှားရမ်းရရှိနိုင်မှု အခက်အခဲများရှိနေကြောင်းနှင့် လူမှုအလှမ်းဝေး နေထိုင်လုပ်ကိုင်ရေးဆိုင်ရာ လမ်းညွှန်ချက်များအရ လုပ်သားအင်အားကို ကန့်သတ်ဆောင်ရွက်နေရသည်ဟု သတင်းပေးပို့ခဲ့ကြကြောင်း ပြောဆိုပါသည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက ၁-၁၀-၂၀၂၀ နေ့၌ အခွန်ကောက်ခံရရှိမှုအခြေအနေကို သတင်းထုတ်ပြန်ရာတွင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (GST) ကောက်ခံရရှိငွေစုစုပေါင်းမှာ ရူပီး ၉၅၄.၈ ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူထက် ၄% ပိုမိုခဲ့ကြောင်း ဖော်ပြပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ၂-၁၀-၂၀၂၀ နေ့ သတင်းထုတ်ပြန် ရာတွင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇.၇၁ ဘီလီယံရှိပြီး ပို့ကုန်၌ ဒေါ်လာ ၂၇.၄၀ ဘီလီယံ ရရှိခဲ့ရာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၅.၂၇% တိုးတက်မှုရှိကြောင်း၊ သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၃၀.၃၁ ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူပမာဏ အောက်သို့ ၁၉.၆% လျော့ကျခဲ့ကြောင်း၊ ယခုနှစ် စက်တင်ဘာလ၌ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၂.၉၁ ဘီလီယံ ဖြစ်ပေါ်ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၇၅.၀၆% အထိ သိသာစွာလျော့ချနိုင်ခဲ့ကြောင်း၊ ပို့ကုန် ကဏ္ဍ၌ ဆန်နှင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများတင်ပို့မှု ပိုမိုတိုးတက်ခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် ရေနံထွက်ကုန်များ၊ စက် ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးကိရိယာများ တင်သွင်းမှု လျော့ကျခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Piyush Goyal က ယခုကဲ့သို့ ပို့ကုန်ကဏ္ဍ၌ ကိုရိုနာ ဗိုင်းရပ်စ် ကပ်ရောဂါမဖြစ်ပွားမီကာလရှိ တင်ပို့နိုင်မှုပမာဏထက်ကျော်လွန်၍ရရှိလာခြင်းသည် အိန္ဒိယ၏စီးပွားရေး အခြေအနေမှာ လျင်မြန်စွာ ပြန်လည်တိုးတက်ကောင်းမွန်လျက်ရှိသည်ကို ညွှန်ပြကြောင်း ၎င်း၏တွစ်တာအင်တာနက် စာမျက်နှာ၌ဖော်ပြခဲ့ ပါသည်။

သို့ရာတွင် စီးပွားရေးလေ့လာဆန်းစစ်သည့်အဖွဲ့အစည်းများမှ ပညာရှင်အချို့က စီးပွား ရေး ပြန်လည်နာလန်ထူလာမှုကို ညွှန်ပြသည့် လက္ခဏာများမှာ အစပျိုးဆဲသာဖြစ်ပြီး ထိလွယ်ရှလွယ်သည့် အခြေအနေမှာပင်ရှိနေဆဲဖြစ်ကြောင်း ပြောဆိုလျက်ရှိကြသည်။ ယခင်က အိန္ဒိယဗဟိုဘဏ်နှင့် ဝန်ကြီးချုပ်၏စီးပွားရေးအကြံပေးကောင်စီတို့၌ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူ Mr. C Rangarajan ကအခွန်ကောက်ခံရရှိမှုနှင့် စီးပွားရေးကိန်းဂဏန်းအချို့သည် Coivd-19 အကျပ်အတည်းကာလမတိုင်မီကထက် ကျော်လွန်သည်ဟု ဆိုသော်လည်း ဧပြီလ နောက်ပိုင်း ကုန်ထုတ်လုပ်မှုကျဆင်းလာခြင်းမှ ဆုံးရှုံးရမှုများအပေါ် ကာမိရန်အတွက် လက်ရှိအရှိန်အဟုန်ကို ကာလအတန်ကြာသည်အထိ ထိန်းသိမ်းနိုင်ရန် လိုအပ်နေဆဲ ဖြစ်ကြောင်းပြောဆိုပါသည်။

ယခင်စာရင်းအင်းဌာနအရာရှိချုပ် Mr. Pronab Sen က စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများသည် ကပ်ရောဂါမတိုင်မီကထက် ကျော်လွန်ခြင်းမှာ ဖြေလျော့မှုများပြုချိန်၌ ဝယ်လိုအား ရုတ်ခြည်းမြင့်တက်မှုအရ ဖြစ်ပေါ်ခြင်းဖြစ်ပြီး ဤအခြေအနေသည် ရေရှည်တည်တံ့မှုရှိမရှိကို ပွဲတော်ရာသီကာလကုန်လွန်သည်အထိ စောင့်ကြည့်ရန်လိုအပ်ကြောင်း ပြောကြားပါသည်။ နယူးဒေလီမြို့ရှိ Institute of Social Sciences မှ ပါမောက္ခ Mr. Arun Kumar ကမူ လက်ရှိကာလ၌ လေကြောင်းလိုင်းများ၏ ၄၀% ခန့်သာ ပျံသန်းလုပ်ကိုင်လျက်ရှိပြီး ဟိုတယ်၊ ခရီးသွားနှင့်စားသောက်ဆိုင်လုပ်ငန်းများမှာလည်း လည်ပတ်လုပ်ကိုင်နိုင်မှု မရှိသေးကြောင်း၊ အလားတူ FMCG ခေါ် လျင်မြန်စွာကုန်ဆုံးလွယ်သည့် အသုံးအဆောင်ပစ္စည်းများ၏ ဝယ်လိုအားမှာလည်း ပြန်လည်တိုးတက်လာခြင်းမရှိသေးကြောင်း၊ သို့ဖြစ်ရာ GST အခွန်ကောက်ခံရရှိမှု အချက်အလက်များမှာ မှန်ကန်ဖွယ် မရှိကြောင်း၊ လုပ်ငန်းလည်ပတ်ငွေ ရူပီးသန်း ၅၀ အထက်လုပ်ငန်းများအား ဇွန်လတွင်လည်းကောင်း၊ သန်း ၅၀ အောက် လုပ်ငန်းများအား စက်တင်ဘာလ၌လည်းကောင်း ယခင်နှစ်အတွင်းလုပ်ငန်းဆောင်ရွက်မှုများအပေါ် အခွန်ပေးဆောင်ရန် စေ့ရောက်သည့်ကာလအဖြစ် သတ်မှတ်ထားသဖြင့် ၎င်းလများတွင် အခွန်ကောက်ခံရရှိမှုပမာဏ မြင့်တက်ခြင်းဖြစ်ကြောင်း ပြောဆိုပါသည်။ ICRA စီးပွားရေးအကဲဖြတ်လုပ်ငန်းမှ ပညာရှင် Ms. Aditi Nayar ကလည်း ဝယ်လိုအား ရုတ်ခြည်းမြင့်တက်မှုနှင့် ကုန်ထုတ်လုပ်ငန်းများ၏ ကုန်စည်များ ပြန်လည်စတင်စုဆောင်းမှုတို့က အခွန်တိုးမြင့်ကောက်ခံရရှိခြင်း၏ အဓိကအကြောင်း အရင်းများဖြစ်ရာ ကာလရှည်၌ ဤသို့တိုးတက်ရရှိမည်ဟု ရှင်းလင်းခိုင်မာစွာ ပြောဆိုနိုင်မှုမရှိကြောင်း၊ စက်တင်ဘာလအတွင်း စီးပွားရေးအညွှန်းကိန်းများ မြင့်မားမှုဖြစ်ပေါ်ခြင်းက စီးပွားရေးပြန်လည်နာလန်ထူထောင်လာမှုသည် အပိုင်းလိုက် ပြတ်တောင်းစွာဖြစ်ပေါ်လျက်ရှိကို တွေ့ရှိရကြောင်းပြောကြားပါသည်။

စက်တင်ဘာလအတွင်း ရေနံနှင့်ရွှေမပာတ်သော ကုန်စည်များတင်သွင်းမှုမှာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၁၃.၃% လျော့ကျနေဆဲဖြစ်ခြင်း၊ အတိုးနှုန်းများလျော့ချခဲ့သော်လည်း ချေးငွေထုတ် ပေးမှုထက် ဘဏ်အပ်ငွေများတိုးမြင့်လာပြီး ၁၁-၉-၂၀၂၀ နေ့ရှိ စာရင်းများအရ ချေးငွေနှင့်အပ်ငွေ အချိုး (Credit-deposit ratio) သည် ၇၁.၈% သို့ ကျဆင်းလာခဲ့ခြင်း၊ စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး၌ပါဝင်သည့် ပင်မကဏ္ဍများ၏တိုးတက်မှုမှာ ဩဂုတ်လ၌ အနှုတ် ၈.၅% ဖြစ်ပေါ်ခဲ့ခြင်းစသည့်အချက်များက အိန္ဒိယ၏စီးပွားရေးမှာ ပြန်လည်တိုးတက်ကောင်းမွန်လာသည်ဟု ခိုင်မာစွာပြောကြားနိုင်ရန် စောင့်ကြည့်ရဦးမည့် အခြေအနေ ရှိနေပါသည်။

Source: 1. "India's Merchandise Trade: Preliminary Data for September, 2020" dated 2nd Oct 2020 of Press Information Bureau of India

2. "GST Revenue collection for September, 2020" dated 1st Oct 2020 of Press Information Bureau of India

3. India's factory activity grew at fastest pace in over eight years in September: PMI, 1 Oct 2020, Economic Times

4. Signs of economic recovery fragile: Experts, 5 Oct 2020, Business Standard

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## STOCK EXCHANGE (8.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,000 | 10,000 | 10,000 | 95 | 950,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | -50 | -1.33% | 3,700 | 3,700 | 3,700 | 2,135 | 7,899,500 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 3 | 24,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 0 | 0 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 7 | 18,900 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 9 | 27,900 | 19,977,223 | 61,929 |

Home > Market Data > Market summary

### Market summary

As of 8th Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.38 | -11.55 | -2.58% | 437.51 | 437.51 | 436.38 | 2,249 | 8,920,300 | 6 | 649,310 |

**Index chart**




## Market Overview

As of 1:00 pm, 8th Oct. 2020

| MYANPIX | 436.38 ▼ 11.55 |
|---|---|
| Total Volume (shares) | 2,249 |
| Total Value (MMK) | 9 mil |
| Listed Company | 6 |
| Market Cap. (MMK) | 649,310 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,700 | ▼ 50 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 3,100 | ▲ 0 |